# အမျိုးသားညီလာခံ

၌

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက်

တရားသူကြီးချုပ်ဦးအောင်တိုး ရှင်းလင်းထားသော

(၁၀၄) မူအပေါ်

♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## စဝ်ပြည်ငြိမ်း (မောသျှမ်းပြည်)

၏

## အသေးစိတ်အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်

(ပြန်ကြားရေးဝန်ကြီးဌာန–ဗဟိုသတင်းစဉ်မှအခမဲ့ဖြန့်ဝေသည်)

# အခြေခံမူ (၁၀၄) ချက်၏နောက်ခံသမိုင်းအကျဉ်း

(၁၉၉၂) ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့စွဲဖြင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းကြောင်း အမိန့်အမှတ် (၁၃/၉၂) အရထုတ်ပြန်ခဲ့ပါသည်၊

အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ဦးတည်ချက် (၆) ရပ်ကိုလမ်းညွှန်ခဲ့သည်။ ၄င်းတို့မှာ– – –

(၁) ပြည်ထောင်စုမပြိုကွဲရေး၊
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(၄) စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊
(၅) နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊
(၆) အနာဂတ်နိုင်ငံတော့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေး၊
တို့ဖြစ်ပါသည်။

## အမျိုးသားညီလာခံ၏လုပ်ထုံးလုပ်နည်းများသည် ဒီမိုကရေစီနှင့်ဆန့်ကျင်နေပါသည်၊

ညီလာခံကိုယ်စားလှယ်များကို အစုအဖွဲ့ (၈) ဖွဲ့တို့ဖြင့်ဖွဲ့စည်းထားပြီး ၄င်းတို့အပေါ်တွင် (၅) ဦးစီပါဝင်သော အလုပ်ကျသဘာပတိအဖွဲ့က ဦးဆောင်သည်။ ၄င်းတို့မှာ– –
(၁) ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်အစုအဖွဲ့၊
(၂) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များကိုယ်စားလှယ်အစုအဖွဲ့၊
(၃) တောင်သူလယ်သမားကိုယ်စားလှယ်အစုအဖွဲ့၊
(၄) အလုပ်သမားကိုယ်စားလှယ်အစုအဖွဲ့၊
(၅) အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊
(၆) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်အစုအဖွဲ့၊
(၇) နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့၊
(၈) အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ဟူ၍ဖွဲ့စည်းထားပါသည်။

အထက်ပါအစုအဖွဲ့ (၈) ခုအနက် (၁) ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်အစုအဖွဲ့နှင့် (၇) နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့သာလျှင် ဒီမိုကရေစီနည်းကျကျ လူထုရွေးချယ်ထားသောကိုယ်စားလှယ်အစစ်အမှန်များဖြစ်ပါသည်။ ၄င်းနှစ်ဖွဲ့ကိုဟန်ပြလောက်သာထားပြီး ကျန် (၆) ဖွဲ့ကိုဦးစားပေးထားသည်မှာ အခြေခံအားဖြင့် လုံးဝမှားယွင်းနေပါသည်။

ကျန် (၆) ဖွဲ့မှကိုယ်စားလှယ်များဆိုသည့်ပုဂ္ဂိုလ်များမှာ အောက်ခြေအဖွဲ့အစည်းများမှစနစ်တကျ ရွေးချယ်တင်မြှောက်ထားခြင်းမဟုတ်ဘဲ အာဏာပိုင်တို့ခေါင်းခေါက်ရွေးချယ်ထားခြင်းဖြစ်ရာ ပြည်သူ့အသံဖြစ်မလာဘဲ အာဏာပိုင်များ၏အသံသာဖြစ်လာသည်ကိုတွေ့ရသည်။

အစုအဖွဲ့များတွင်အာဏာပိုင်များ၏ ဒလန်များလွှမ်းမိုးထားသည်။ ထိုဒလန်များမှတဆင့် အာဏာပိုင်တို့၏အလိုကျစာတမ်းများကိုသာထုတ်လုပ်လာသည်ကို ထင်ရှားစွာမြင်တွေ့နေရပါသည်။

လူထုကိုယ်စားလှယ်အစုအဖွဲ့မှ အကြံပြုတင်ပြချက်များသည် ညီလာခံအတွက်ချမှတ်ထားသော လမ်းညွှန်ချက် (၆) ခုနှင့်ကွဲလွဲမှုရှိနေသည်ကိုတွေ့ရှိရသည်။ ထိုကွဲလွဲနေသည်ကိုအကြောင်းပြု၍ အလုပ်ကျသဘောပတိအဖွဲ့နှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကပယ်ချနိုင်ခွင့်ရှိရာ ညီလာခံတွင်လူထုကိုယ်စားလှယ်အစစ်အမှန်များ၏ အခန်းကဏ္ဍသည် ဟန်ပြလောက်သာရှိကြောင်းထင်ရှားပါသည်။

(NLD) ပါတီနှင့်တိုင်းရင်းသားပါတီများ၏ တင်ပြချက်စာတမ်းများသည် ဦးတည်ချက် (၆) ချက်နှင့်သွေဖည်သောကြောင့်မှတ်တမ်းအဆင့်သာထားရှိခဲ့ပြီး အာဏာပိုင်များ၏ဒလန်များတင်ပြချက်များကို အတည်ပြုခဲ့လေသည်။ ထိုသို့သောအကြောင်းများကြောင့် (NLD) ပါတီသည် အမျိုးသားညီလာခံမှကျောခိုင်းထွက်ခွာခဲ့သည်။ ကျန်ရွေးချယ်ခံ တိုင်းရင်းသားပါတီများမှာနားထောင်ရုံသက်သက်ဖြင့်သာ ခန်းမထဲ၌ကျန်ခဲ့သည်။

(NLD) ထွက်ပြီးချက်ချင်းဆိုသလို ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကိုအသုံးချ၍ ဘောလုံးကွင်းအတွင်း၌ အမျိုးသားညီလာခံကိုဆက်လက်ထောက်ခံကြောင်းနှင့် ဒလန်များတင်သွင်းခဲ့သော အခြေခံမူ (၁၀၄) ချက်ကိုတရားဝင်ချပြကြေညာခဲ့လေသည်။ သို့သော်အမျိုးသားညီလာခံသည် (၁၉၉၆) ခုနှစ်တွင်လုံးဝရပ်ဆိုင်းသွားခဲ့လေသည်။

# လမ်းပြမြေပုံ (၇) ချက်နှင့် ညောင်နှစ်ပင်ညီလာခံ

(၂၀၀၃) မေ (၃၀) ဒီပဲယင်းပြဿနာကို လှည့်စားလိုသောကြောင့် ဗိုလ်ချုပ်ကြီးခင်ညွန့်က လမ်းပြမြေပုံ (၇) ချက်ကို ထိုနှစ် ဩဂုတ်လ (၃၀) တွင်ချပြခဲ့ပါသည်။ ပြည်သူများအားမျက်စိလည်သွားစေရန် အသွင်ပြောင်းသော်လည်း နဂိုရုပ်ကိုကားဖုံးကွယ်၍မရနိုင်ပါ။ အရက်ဟောင်းကိုပုလင်းသစ်ထဲသို့ထည့်လိုက်ခြင်းသာလျှင်ဖြစ်သည်။

ယခုအခါပြည်သူလူထုကရွေးချယ်တင်မြှောက်ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီများမှ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်အားလုံးနီးပါး ကျောခိုင်းထွက်ခွာခဲ့ပြီးဖြစ်သောကြောင့် ယနေ့ကျင်းပနေသော ညောင်နှစ်ပင် အမျိုးသားညီလာခံသည် ပြည်သူ့ဆန္ဒစိုးစဉ်းမျှမပါဘဲ ဒရွတ်တိုက်သွားနေသည်ဟု ပြောရပေမည်။

တက်ရောက်သူကိုယ်စားလှယ်အများစုမှာ စစ်မှန်သောလူထုကိုယ်စားလှယ်များမဟုတ်ဘဲ အာဏာပိုင်တို့စိတ်တိုင်းကျ ခေါင်းခေါက်ရွေးချယ်ထားသူများသာဖြစ်သည်။ ထိုသူတို့သည်တိုင်းပြည်ကိုချောက်ထဲကျအောင် တွန်းပို့သူများဖြစ်သောကြောင့် သမိုင်းတရားခံအစစ်အမှန်များဖြစ်ကြောင်း ပြည်သူလူထုကြီးကသတ်မှတ်မော်ကွန်းတင်ကြရမည်။

# အခြေခံမူ (၁၀၄) ချက်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

## *(က) နိုင်ငံတော်နှင့်စပ်လျဉ်းပြီး*

-၁- (၁) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့်နိုင်ငံဖြစ်သည်။

**အခြေခံမူ (၁) အရ အချုပ်အခြာအာဏာပိုင်အစစ်အမှန်မှာ ပြည်သူလူထုသာလျှင်ဖြစ်သော်လည်း စစ်အာဏာပိုင်တို့သာလျှင်ကြီးစိုးပိုင်ဆိုင်သော ပြည်သူ့ဘ၀မလွတ်လပ်သည့်နိုင်ငံဖြစ်နေကြောင်းထင်ရှားပါသည်။**

-၂- (၂) နိုင်ငံတော်ကို ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်ဟုခေါ်တွင်မည်။

**အခြေခံမူ (၂) အရ ပြည်ထောင်စုသဏ္ဍာန်မပေါ်လွင်ဘဲ သမတဆိုရာ၌လည်း ဗိုလ်ချုပ်ကြီးများသာဖြစ်လာနိုင်ပါသည်။**

-၃- (၃) နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်။

**အခြေခံမူ (၃) အရ နိုင်ငံ့အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ရမည်ဟုဆိုထားသဖြင့် နိုင်ငံသားများရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များမှဦးဆောင်ရမည်။ ကာကွယ်ရေးဦးစီးချုပ်မှစေလွှတ်သော တပ်မတော်သားများပါလီမန်သို့ (၂၅) ရာခိုင်နှုန်းပါဝင်သည် ဆိုသည့်သတ်မှတ်ချက်အရ နိုင်ငံအာဏာကို စစ်ဘက်မှဆင်းသက်စေရာရောက်နေပါသည်။**

-၄- (၄) နိုင်ငံတော်၏နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင်တည်ရှိသည့်အတိုင်းဖြစ်သည်ဟုအခြေခံမူများချမှတ်ပါတယ်။

## *(ခ) နိုင်ငံတော်၏ဦးတည်ချက်နှင့်စပ်လျဉ်းပြီး နိုင်ငံတော်သည်- - -*

-၅- (၁) ပြည်ထောင်စုပြိုကွဲရေး၊

**အခြေခံမူအမှတ် (၅) အရ ပြည်ထောင်စုမပြိုကွဲရေး (အကျိုး) ကိုဖြစ်စေရန်အတွက်ယခုအဆင့်တွင် မပြိုကွဲနိုင်သောပြည်ထောင်စုမျိုးတည်ဆောက်ရန်လိုသော (အကြောင်း) များထည့်သွင်းဖော်ပြထားရန်လိုပါသည်။ နောင်ဖြစ်ပေါ်လာမည့်အကျိုးတရားများသည် ယခုပြုလုပ်သောအကြောင်းတရားများပေါ်တွင် မူတည်ကြောင်းသဘောပေါက်ကြရမည်။**

-၆- (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊

**အခြေခံမူအမှတ် (၆) သည်အလွန်အရေးကြီးပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မည်သည့်အဖွဲ့အစည်းမဆို ပါးစပ်ကပြောဆိုခြင်းထက် လက်တွေ့လုပ်ပြဖို့ရန်လွန်စွာအရေးကြီးပါသည်။ တိုင်းရင်းသားများအချင်းချင်း အမျိုးသားနိုင်ငံရေးတန်းတူညီမျှမှုတည်းဟူသော အခြေခံအုတ်မြစ်ပေါ်တွင်တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အမှန် တကယ်ရရှိစေနိုင်ပါမည်။**

-၇- (၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

**အခြေခံမူအမှတ် (၇) အတွက် အချုပ်အခြာအာဏာပိုင်ရှင်မှာ ပြည်သူလူထုများသာဖြစ်ကြောင်း နားလည်ကြရပေမည်။ ပြည်သူလူထု၏အထက်တွင် မည်သူမျှမရှိစေရ။**

-၈- (၄) စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊

**အခြေခံမူအမှတ် (၈) အရ စစ်မှန်သောပါတီစုံဒီမိုကရေစီထွန်းကားရန်အတွက် စစ်မှန်သောဒီမိုကရေစီကိုသာဦးတည်ကြရမည်။ ကြိုးတပ်ထားသောရုပ်သေးရုပ် ဒီမိုကရေစီဆိုလျှင် စစ်မှန်သောဒီမိုကရေစီမဟုတ်ကြောင်း ရှင်းလင်းကွဲပြားရန်လိုပါသည်။**

-၉- (၅) နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများပိုမိုထွန်းကားရေး၊

**အခြေခံမူအမှတ် (၉) သည် ပါးစပ်ကပြောခြင်းထက် လက်တွေ့အရအကောင်အထည်ဖော်ဖို့ရန်အရေးကြီးပါသည်။**

-၁၀- (၆) နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင်တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်ဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူအမှတ် (၁၀) သည် အခြေခံမူအမှတ် (၈) နှင့် ဝိရောဓိဖြစ်စရာပင်တည်း။ စစ်မှန်သောဒီမိုကရေစီ နည်းအရ နိုင်ငံသူ၊ နိုင်ငံသားတိုင်းက ရွေးချယ်တင်မြှောက်ခြင်းခံရသော လူထုကိုယ်စားလှယ်များကသာလျှင်ဦးဆောင်ရပါမည်။ တပ်မတော်သည်အခွင့်ထူးခံသူကောင်းမျိုးနွယ်မဟုတ်ကြောင်း နားလည်ကြရမည်။**

## *(ဂ) ပါတီစုံဒီမိုကရေစီနှင့်စပ်လျဉ်း၍*

-၁၁- နိုင်ငံတော်သည် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူ (၁၁) သည် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်ရေးကို အစဉ်တစိုက်ဦးတည်သည်ဟု ဖော်ပြထားသောကြောင့် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်ဟူသည့် ပြဋ္ဌာန်းချက်ကိုအဓိပ္ပါယ်ကင်းမဲ့စေပါသည်။**

## *(ဃ) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်း၍*

-၁၂- (၁) နိုင်ငံတော်ကိုပြည်ထောင်စုစနစ်ဖြင့်ဖွဲ့စည်းတည်ဆောက်သည်။

**ရှိရင်းစွဲတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ခုသည် အဆင့်အတန်းတူညီသည်ဟု အောက်ဖော်ပြပါပြဋ္ဌာန်းချက် (၁၃) ကြောင့် အခြေခံမူ (၁၂) ကို သွေဖည်သွားစေပါသည်။**

-၁၃- (၂) ရှိရင်းစွဲ (၇) တိုင်းကို တိုင်းဒေသကြီး (Region) -၇- ခုအဖြစ်လည်းကောင်း။ ရှိရင်းစွဲပြည်နယ် (၇)ပြည်နယ်ကို ပြည်နယ် (state) -၇- ပြည်နယ်အဖြစ်လည်းကောင်းပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး (၇) ခု နှင့်ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်းတူညီသည်။

**အခြေခံမူ (၁၃) သည်ကျွဲတစ်ဖက်။ နွားတစ်ဖက်ပြည်ထောင်စုသဘောကိုသက်ရောက်စေပါသည်။ တိုင်းဒေသကြီး (၇) ခု ဆိုသည်မှာ လက်ရှိအခေါ်တိုင်းများကို အမည်ပြောင်းလဲထားခြင်းသာဖြစ်ပါသည်။**

**(၁၉၄၇) အခြေခံဥပဒေတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်ဟူ၍ နိုင်ငံရေးဆိုင်ရာဒေသများကိုပြည်နယ်ဟူ၍သတ်မှတ်ခေါ်တွင်ခဲ့ပါသည်၊ ကျန်စစ်ကိုင်း။ မန္တလေး၊ ရခိုင်တိုင်းတို့မှာ အုပ်ချုပ်ရေးဆိုင်ရာဒေသအဖြစ်သတ်မှတ်ခဲ့ပါသည်။ ချင်းတောင်ဒေသသည်ထိုစဉ်က ပြည်နယ်အဆင့်ကိုရယူရန် အဆင်သင့်မဖြစ်သေးသောကြောင့် ဝိသေသတိုင်း ဟူ၍သာလက်ခံကျင့်သုံးခဲ့ပါသည်။ (၁၉၇၄) အခြေခံဥပဒေအရမှသာလျှင် ပြည်နယ်အဖြစ်သို့တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့်ပြည်နယ်ဆိုသည်မှာ တိုင်းထက်အဆင့်မြင့်ကြောင်း၊ တန်းတူသတ်မှတ်၍မရကြောင်း အထောက်အထားများစွာရှိပါသည်။**

**လွှတ်တော်ကဲ့သို့ပြည်ထောင်စုဆိုင်ရာ ဆွေးနွေးပွဲများတွင် ပြည်နယ်တစ်ခုအနေဖြင့် မဲတစ်မဲသာရယူသင့်သော ဗမာပြည်နယ်က (၇) မဲရအောင် အကြံအဖန်လုပ်ထားခြင်းသာဖြစ်သည်။**

**ထိုသို့အခြေခံအားဖြင့်အဆင့်အတန်းမတူသော တိုင်းဒေသကြီး (၇) နှင့် ပြည်နယ် (၇) ကိုအဆင့်တူသတ် မှတ်ခြင်းသည်လူမျိုးကြီးဗမာများနေထိုင်ရာကို တမင်အဆင့်မြင့်ထားသောကြောင့် အင်အားချိန်ခွင်လျှာညီသည့် ရည်ရွယ်ချက်ကိုထင်ရှားစေသဖြင့် လူမျိုးကြီးနှင့်လူမျိုးငယ်များအကြားသံသယကိုဖြစ်စေပါသည်။ (၇၄) အခြေခံဥပဒေသည် ထိုအမှားမျိုးကို ကျူးလွန်ခဲ့သောကြောင့်မကျေနပ်မှုများရှိခဲ့သည်ကို သာဓကများရှိသောကြောင့် ထပ်မံ၍အမှားမျိုး ပြုလုပ်ခြင်းမှာမသင့်တော်ကြောင်း ထောက်ပြလိုပါသည်။**

-၁၄- (၃) ထိုတိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့အမည်များကို ရှိရင်းစွဲအတိုင်းခေါ်ဆိုသုံးနှုန်းသည်။

**အခြေခံမူ (၁၄) အရ ၄၇-ပင်လုံစာချုပ်မူအရ သဘောတူလက်ခံခဲ့ကြသော လူမျိုးရေးတန်းတူညီမျှမှုကို အခြေခံသောကြောင့် လူမျိုးကြီး (၈) မျိုးကို အခြေခံသော (၈) ပြည်နယ်ပြည်ထောင်စုကို ဖွဲ့စည်းမှသာလျှင်လမ်းမှန်ဖြစ်သည်။ ယခုသတ်မှတ်ပြဋ္ဌာန်းထားသောမူအရ လူမျိုးရေးတန်းတူညီမျှမှုဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုမျိုးဖြစ်မလာတော့ဘဲ မဟာဗမာပြည်ထောင်စုသာလျှင်ဖြစ်လာပေတော့မည်။ ထိုသို့သောပြည်ထောင်စုမျိုးသည် တာရှည်တည်တံ့ခိုင်မြဲမည်မဟုတ်ပေ။**

-၁၅- (၄) တိုင်းဒေသကြီးတစ်ခုခု၏အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်၏အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းနေထိုင်ကြသော နိုင်ငံသားများ၏ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်သည်။

-၁၆- (၅) တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တဆက်တစပ်တည်းတွင် စုစုစည်းစည်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ (Self Administered Areas) သတ်မှတ်ပေးရန်ဖြစ်သည်။

-၁၇- (၆) ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့်နယ်မြေအကျယ်အဝန်းအပေါ်အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ်သင့်လျော်သလို သတ်မှတ်ပေးရန်ဖြစ်သည်။

-၁၈- (၇) နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်၏နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှမည်သည့်အခါမှမခွဲထွက်ရဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူ (၁၈) အရ ခွဲထွက်ပိုင်ခွင့်ဆိုသည်မှာ ပြည်နယ်တိုင်း၏မွေးရာပါအခွင့်အရေးဖြစ်သောကြောင့် တားဆီး၍မရပါ။ ခွဲထွက်ခွင့်ကိုမဖော်ပြထားသော်လည်း ပေါင်းစည်းခြင်းအားဖြင့် အလိုအလျောက်ခွဲထွက်ခွင့်ရှိသည်ကို သိရှိနားလည်ရန်လိုသည်။**

## *(င) နိုင်ငံတော်အကြီးအကဲနှင့်စပ်လျဉ်းပြီး*

-၁၉- (၁) နိုင်ငံတော်အကြီးအကဲသည်နိုင်ငံတော်သမတဖြစ်သည်။

**သမတ၏အဆင့်အတန်းကို သတ်မှတ်ရာတွင်စစ်မှုထမ်းသော ဗိုလ်ချုပ်ကြီးများကိုဦးစားပေးခြင်းမရှိစေရ၊ ယခုဖွဲ့စည်းပုံအရ သမတသည်စစ်ရေးတတ်ကျွမ်းရမည်ဆိုသောကြောင့် ဗိုလ်ချုပ်ကြီးများသာလျှင် သမတဖြစ်ပေါ်လာရေးကို တံခါးဖွင့်ထားပေးရာရောက်ပါသည်။**

-၂၀- (၂) နိုင်ငံတော်သမတကို သမတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်မည်ဟု အခြေခံမူများ ချမှတ်ပါတယ်။

## *(စ) နိုင်ငံတော်အချုပ်အခြာအာဏာ ပိုင်းခြားခွဲဝေခြင်းနှင့်စပ်လျဉ်း၍ - - -*

-၂၁- (၁) နိုင်ငံတော်အချုပ်အခြာအာဏာခက်မသုံးဖြာဖြစ်သည့် ဥပဒေဥပရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်။

-၂၂- (၂) ထိုသို့ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းသည်ဟု အခြေခံမူများချမှတ်ပါတယ်။

**အထက်ပါအခြေခံမူ (၂၁) (၂၂) သည် အုပ်ချုပ်ရေးအာဏာပိုင်များက တရားစီရင်ရေးကဏ္ဍတွင် ဝင်ရောက်စွက်ဖက်နိုင်ရန်လမ်းဖွင့်ထားသည့်သဘောဖြစ်၍ (လုံးဝ) မှားယွင်းမှုဖြစ်သည်။ အာဏာသုံးရပ်သည် သီးခြားကင်းလွတ်မှသာလျှင် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်နိုင်ပါမည်။**

## *(ဆ) ဥပဒေပြုရေးနှင့်စပ်လျဉ်းပြီး- -*

-၂၃- (၁) နိုင်ငံတော်၏ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအားခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကသတ်မှတ်သော ဥပဒေပြုရေးအာဏာကိုခွဲဝေအပ်နှင်းမည်။

-၂၄- (၂) ပြည်ထောင်စုလွှတ်တော်တွင် လူဦးရေကိုအခြေခံရွေးချယ်တင်မြှောက်သည့် လွှတ်တော်တစ်ရပ်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်တစ်ရပ် ပေါင်းနှစ်ရပ်ပါရှိသည်။

-၂၅- (၃) တိုင်းဒေသကြီး (၇) ခုတွင်တိုင်းဒေသကြီးလွှတ်တော်တစ်ရပ်စီနှင့် ပြည်နယ် (၇) ပြည်နယ်တွင် ပြည်နယ်လွှတ်တော်တစ်ရပ်စီရှိသည်။

-၂၆- (၄) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်သည့်ဦးရေအတိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများပါဝင်သည်။

-၂၇- (၅) လျှော်ကန်သင့်မြတ်သည့်လူဦးရေရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် ထိုတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များပါဝင်ခွင့်ရှိသည်ဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူ (၂၃- ၂၄- ၂၅- ၂၆- ၂၇) အရ အမည်ခံပြည်ထောင်စုမျိုးသာဖြစ်ပြီး စစ်မှန်သောပြည်ထောင်စုမျိုးမဟုတ်သောကြောင့် လွှတ်တော်ဖွဲ့စည်းပုံတွင်တိုင်းဒေသကြီး (၇)ခုကိုရည်ညွှန်းထားသောကြောင့် မဟာဗမာပြည်ထောင်စုမျိုးသာပေါ်လွင်စေသည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များကိုရွေးချယ်ရာတွင်လည်း တပ်မတော်မှရွေးချယ်ယှဉ်ပြိုင်မှုမရှိဘဲ အလိုအလျောက်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခြင်းကြောင့် အခြေခံဒီမိုကရေစီနှင့်ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါသည်။ မဟာစစ်အာဏာရှင်ပြည်ထောင်စု သဏ္ဌာန်ပေါ်ပေါက်ရေးကို ဖန်တီးထားသောကြောင့် တိုင်းရင်းသားပြည်သူအပေါင်း တပြေးညီနစ်နာပေမည်။**

## *(ဈ) အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး- -*

-၂၈- (၁) နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမတဖြစ်သည်။

**အခြေခံမူ (၂၈) အရ အုပ်ချုပ်ရေးအကြီးအကဲသည် ဝန်ကြီးချုပ်သာလျှင်ဖြစ်ရမည်။**

-၂၉- (၂) နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည်။

-၃၀- (၃) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် ခရိုင်အုပ်ချုပ်ရေးတို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်အုပ်ချုပ်ရေးစသည့်တာဝန်များထမ်းဆောင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများပါဝင်သည်။

**အခြေခံမူ (၃၀) အရ တပ်မတော်သားများနေရာတကာမပါဝင်စေရပါ။ ထို့ကြောင့်အာဏာသုံးရပ်ကို သီးခြားဖြစ်နေစေရန်ခွဲခြားထားရမည်။**

-၃၁- (၄) အထက်အပိုဒ် (ဆ) အပိုဒ်ခွဲ (၅) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အုပ်ချုပ်ရေးတွင်အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များပါဝင်ခွင့်ပြုရန်ဖြစ်သည်။

-၃၂- (၅) အထက်အပိုဒ် (ဃ) အပိုဒ်ခွဲ (၅) နှင့် (၆) အပိုဒ် (ဆ) အပိုဒ်ခွဲ (၅) နှင့် ဤအပိုဒ် အပိုဒ်ခွဲ (၄) ပါ ကိစ္စရပ်များကို နိုင်ငံတော်က ကော်မရှင်ဖွဲ့စည်း၍ဆောင်ရွက်ပေးရန်ဖြစ်သည်ဟု အခြေခံမူများချမှတ်ပါတယ်။

## *(ဈ) တရားစီရင်ရေးနှင့်စပ်လျဉ်းပြီး*

-၃၃- (၁) နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတရားရုံးများအပါအဝင် အဆင့်ဆင့်သောတရားရုံးများအား ခွဲဝေအပ်နှင်းသည်။

-၃၄- (၂) ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တစ်ရပ်ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည်။

-၃၅- (၃) ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များထုတ်ပိုင်ခွင့်အာဏာများရှိသည်။

-၃၆- (၄) တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီးတရားလွှတ်တော်တစ်ရပ်စီလည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော်တစ်ရပ်စီ လည်းကောင်းထားရှိသည်။

-၃၇- (၅) အောက်ပါတရားစီရင်ရေးမူများအဖြစ်သတ်မှတ်သည်။

- ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး၊
- ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင်တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေးဟု အခြေခံမူများချမှတ်ပါတယ်။

## *(ည) တပ်မတော်နှင့်စပ်လျဉ်းပြီး- -*

-၃၈- (၁) တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့်တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။
**အခြေခံမူ (၃၈) အရ တိုင်းပြည်အင်အားရှိမှသာလျှင် တပ်မတော်အင်အားလည်း အလိုအလျောက် တောင့်တင်းပေမည်။ "နွားရှေ့ထွန်မကျူးနဲ့" ဆိုသည့်ဆိုရိုးစကားအတိုင်း တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည်မှာ "ပြဒါးတစ်လမ်း သံတစ်လမ်း" ဆိုသည့် ဥပမာအတိုင်းဖြစ်နေသည့်အတွက် အထူးဂရုပြုသင့်ပေသည်။**

-၃၉- (၂) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

-၄၀- (၃) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်။
**အခြေခံမူ (၄၀) အရ ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်၏အကြီးအကဲသာဖြစ်ရမည်။ ပြည်ထဲရေးတပ်များ၏ အကြီးအကဲမဖြစ်စေရ။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ လုံခြုံရေးတပ်ဖွဲ့များမှာ တပ်မတော်မှပြည်သူလူထုအပေါ် လက်ဝါးကြီးမအုပ်စေရန် ဥပဒေကြောင်းအရဖွဲ့စည်းထားခြင်းဖြစ်သည်။**

-၄၁- (၄) တပ်မတော်သည်နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင်ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။

-၄၂- (၅) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင်အဓိကတာဝန်ရှိသည်။

-၄၃- (၆) တပ်တော်သည်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်အဓိကတာဝန်ရှိသည်ဟု အခြေခံမူများချမှတ်ပါတယ်။
**အခြေခံမူ (၄၃) အရ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်အစား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသောအစိုးရကိုသစ္စာစောင့်သိရပါမည်။ သို့မှသာလျှင် ဒီမိုကရေစီနိုင်ငံတော်၏ တပ်မတော်အဖြစ်ပီပြင်လာပါမည်။**

## *(ဋ) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ တာဝန်များနှင့်စပ်လျဉ်းပြီး- -*

-၄၄- (၁) တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရနိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှရုပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်။

-၄၅- (၂) နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးစသည်တို့ ခံစားခွင့်ရှိမည်။

-၄၆- (၃) တရားရုံးခွင့်ပြုချက်မရရှိက နိုင်ငံသားတစ်ဦးကို -၂၄- နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခွင့်မရှိစေရ။

-၄၇- (၄) နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန်တာဝန်ရှိသည်၊

-၄၈- (၅) နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရန်တာဝန်ရှိသည်။

-၄၉- (၆) နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန်တာဝန်ရှိမည်။

-၅၀- (၇) နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်မှုထမ်းရန်တာဝန်ရှိမည်။

-၅၁- (၈) ပြည်သူတို့အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။

-၅၂- (၉) နိုင်ငံသားများ၏လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့်တားမြစ်ချက်များကို ထိရောက်ခိုင်မာပြည့်စုံစေရန်လိုအပ်သော ဥပဒေပြဋ္ဌာန်းမည်ဟု အခြေခံမူများချမှတ်ပါတယ်။

*(ဌ) တိုင်းရင်းသားများနှင့်စပ်လျဉ်းပြီး– –*

–၅၃– (၁) နိုင်ငံတော်သည် တိုင်းရင်းသားများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

–၅၄– (၂) နိုင်ငံတော်သည် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

–၅၅– (၃) နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ကူညီဆောင်ရွက်မည်ဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူအမှတ် (၅၃) (၅၄) (၅၅) အရ စာပေ၊ စကား၊ အနုပညာယဉ်ကျေးမှုတို့သည် တိုင်းရင်းသားများ၏ အသက်ဖြစ်သည်။ ၄င်းတို့တိုးတက်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာတိုင်းရင်းသားများ၏ မူလတာဝန်ဖြစ်သည်။ ဗဟိုအစိုးရအနေဖြင့် ကူညီဆောင်ရွက်မည်ဟု အပြောသက်သက်မဖြစ်စေဘဲ လက်တွေ့ဦးစီးဆောင်ရွက်ရပေမည်။**

**လက်ရှိနိုင်ငံတော်အာဏာပိုင်များ၏ ဆောင်ရွက်ချက်သည် ဗမာလူမျိုးတို့၏စကား၊ စာပေနှင့်ယဉ်ကျေးမှုတို့ကို ရှေ့တန်းတင်ထားသော်လည်း တိုင်းရင်းသားတို့၏ စာပေ၊ယဉ်ကျေးမှုတို့ကိုမေးမှိန်အောင်ပြုလုပ်နေပါသည်။ ဥပမာ–အားဖြင့် နယ်စပ်ဒေသများထိ ဗမာစာကိုသင်ကြားနိုင်ရန် မူလတန်းကျောင်းများဖွင့်လှစ်ရန်ကြိုးစားပြီး ဒေသခံတိုင်းရင်းသားဘာသာ၊ စာပေထွန်းကားရေးကို ဖိနှိပ်ဟန့်တားနေသည်မှာအထူးပြောဖွယ်မရှိပါ။**

**ယဉ်ကျေးမှုဟုဆိုရာ၌လည်း လက်ရှိကျင်းပနေသော ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများသည် ဗမာ့သုခုမ၊ အနုပညာထွန်းကားရေးကိုလုပ်ဆောင်နေသည့်အပြင် တိုင်းရင်းသားယဉ်ကျေးမှုတို့ကို ဝါးမျိုလျှက်ရှိသောကြောင့် တိုင်းရင်းသားစကား၊ စာပေ၊ ယဉ်ကျေးမှုထွန်းကားရေးတို့ကို အခြေခံဥပဒေတွင်လေးနက်စွာဖော်ပြထားရပေမည်။**

*(ဍ) တောင်သူလယ်သမားများနှင့်စပ်လျဉ်းပြီး– –*

–၅၆– (၁) နိုင်ငံတော်သည် တောင်သူလယ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်။

–၅၇– (၂) တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့်ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူ (၅၆) နှင့် (၅၇) အရ စိုက်ပျိုးရေးနိုင်ငံဖြစ်နေသော မြန်မာနိုင်ငံအဖို့ကျေးဇူးရှင်တောင်သူဦးကြီးများကို ကူညီဆောင်ရွက်မည်ဆိုသည့် အသုံးအနှုန်းအစား ဦးစီးဆောင်ရွက်ပေးမည်ဟုဖော်ပြရပေမည်။ တောင်သူလယ်သမားသမဂ္ဂများဖွဲ့စည်းပေး၍ညှိနှိုင်းဆောင်ရွက်ရမည်။**

*(ဎ) အလုပ်သမားများနှင့်စပ်လျဉ်းပြီး– –*

–၅၈– နိုင်ငံတော်သည် အလုပ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်ဟု အခြေခံမူချမှတ်ပါတယ်။

**အခြေခံမူ (၅၈) အရ အဓိကလူတန်းစားဖြစ်သော အလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမည့်အပြင် အခြေခံအလုပ်သမားများသမဂ္ဂများကို ဖွဲ့စည်းခွင့်ပေး၍ အလုပ်သမားရေးရာကိစ္စများကို ညှိနှိုင်းဆွေးနွေးရမည်။**

*(ဏ) အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်စပ်လျဉ်းပြီး– –*

–၅၉– နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်မည်ဟု အခြေခံမူချမှတ်ပါတယ်။

**အခြေခံမူ (၅၉) အရ နိုင်ငံတော်သည် ခေတ်မီနိုင်ငံတော်ဆီသို့ လျှောက်လှမ်းနေသောကြောင့် တတ်သိပညာရှင်များ၏အကျိုးကိုအားပေးချီးမြှောက်ရမည့်အပြင် ဘဝလုံခြုံရေးကိုလည်း ကာကွယ်ပေးရမည်။**

*(တ) နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်းပြီး– –*

-၆၀- (၁) နိုင်ငံ့ဝန်ထမ်းများသည် ပါတီ၊ နိုင်ငံရေးနှင့်ကင်းရှင်းရမည်။

**အခြေခံမူ (၆၀) အရ အမျိုးသားနိုင်ငံရေးဟု အပေါ်ယံအားဖြင့်မြင်ရသော အချို့ကိစ္စများသည် ပါတီနိုင်ငံရေးဘက်သို့ ယိမ်းယိုင်သွားလေ့ရှိသဖြင့် ဤကဲ့သို့အခြေခံမူမျိုးကိုရှောင်ရှားရမည်။ သို့မှသာဒီမိုကရေစီနိုင်ငံတော်၏ ဝန်ထမ်းကောင်းများ အဖြစ် ပီပြင်လာပေမည်။**

-၆၁- (၂) နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာအကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးတို့အတွက်လိုအပ်သည့်ဥပဒေများပြဌာန်းမည်ဟု အခြေခံမူများချမှတ်ပါတယ်။

### *(ထ) အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းပြီး- -*

-၆၂- နိုင်ငံတော်သည်အမျိုးသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်ဟု အခြေခံမူချမှတ်ပါတယ်။

**အခြေခံမူ (၆၂) အရ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ ဗမာသာမက တိုင်းရင်းသားအားလုံးကိုဆိုလိုသည်။ ထို့ကြောင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုများကိုလည်း ကာကွယ်ပြဌာန်းပေးရမည်။**

### *(ဒ) ပညာရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်းပြီး- -*

-၆၃- (၁) နိုင်ငံတော်သည်ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည်။

-၆၄- (၂) နိုင်ငံတော်သည် ပြည်သူများ၏ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်အောင် လိုအပ်မည့်ဥပဒေပြဌာန်းဆောင်ရွက်မည်။

-၆၅- (၃) နိုင်ငံတော်သည်အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်မည်။

**အခြေခံမူ (၆၅) အရ သက်ဆိုင်ရာတိုင်းရင်းသားများ၏ စာပေကိုလည်းသက်ဆိုင်ရာဒေသအလိုက် သင်ကြားစေရန် ပြဌာန်းပေးရမည်။**

-၆၆- (၄) နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့်ခေတ်မီပညာရေးစနစ်ကိုဖော်ဆောင်မည်ဟု အခြေခံမူများချမှတ်ပါတယ်။

### *(ဓ) စိုက်ပျိုးရေးနှင့်စပ်လျဉ်းပြီး- -*

-၆၇- နိုင်ငံတော်သည် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန်နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းမည်ဟု အခြေခံမူချမှတ်ပါတယ်။

### *(န) စက်မှုလက်မှုနှင့်စပ်လျဉ်းပြီး- -*

-၆၈- နိုင်ငံတော်သည် စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်နည်းပညာ၊ အရင်းအနှီး၊စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းမည်ဟု အခြေခံမူချမှတ်ပါတယ်။

### *(ပ) အလုပ်အကိုင်နှင့်စပ်လျဉ်းပြီး- -*

-၆၉- နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှကူညီဆောင်ရွက်မည်ဟု အခြေခံမူချမှတ်ပါတယ်။

### *(ဖ) မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်းပြီး- -*

–၇၀– (၁) နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအားကြည့်ရှုစောင့်ရှောက်မည်။

–၇၁– (၂) နိုင်ငံတော်သည် မသန်မစွမ်းဖြစ်လာသောတပ်မတော်သားများအား သင့်တင့်လျှောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် သက်မွေးပညာကို အခလွတ်သင်ယူနိုင်စေရန်စီမံဆောင်ရွက်မည်ဟု အခြေခံမူချမှတ်ပါတယ်။

**အခြေခံမူ (၇၁) အရ တပ်မတော်သားများသည် လစာငွေ၊ ယူနီဖောင်း၊ ရိက္ခာအပြည့်အဝရရှိသောကြောင့် အခြားဝန်ထမ်းများထက် အခွင့်အရေးပိုမိုရရှိပြီးသားဖြစ်သည်။ အခွင့်အရေးပိုမိုပေးခြင်းအားဖြင့် ဝန်ထမ်းအကြား စိတ်ဝမ်းကွဲပြားစေမည့်အန္တရာယ်ကိုဖြစ်စေပါသည်။**

## *(ဗ) လူငယ်နှင့်စပ်လျဉ်းပြီး– –*

–၇၂– နိုင်ငံတော်သည် လူငယ်များအားမျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက်ဆောင်ရွက်မည်ဟုအခြေခံမူချမှတ်ပါတယ်။

## *(ဘ) ဘာသာ၊ သာသနာရေးနှင့်စပ်လျဉ်းပြီး– –*

–၇၃– (၁) ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည်ဘာသာ၊ သာသနာရေးတွင်လွတ်လပ်စွာ ယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကိုအညီအမျှရရှိရမည်။

–၇၄– (၂) ဘာသာ၊ သာသနာရေးဆိုင်ရာကိုးကွယ်တည်ဆောက်မှုနှင့်ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသောစီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့်အခြားလောကီရေးဆောင်ရွက်မှုတို့ကို အထက်ပါအခွင့်အရေးတွင်မပါဝင်စေရ။

–၇၅– (၃) ထိုသို့လွတ်လပ်သောအခွင့်အရေးများကိုပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက်နိုင်ငံတော်၏ဥပဒေပြုခြင်းကိုမတားမြစ်ရ။

–၇၆– (၄) ဗုဒ္ဓဘာသာသာသနာတော်သည် နိုင်ငံတော်၏နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သောဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့်ဘာသာ၊ သာသနာဖြစ်သည်ဟုနိုင်ငံတော်ကအသိအမှတ်ပြုသည်။

–၇၇– (၅) နိုင်ငံတော်သည် အစ္စလမ်ဘာသာသာသနာ၊ ခရစ်ယာန်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသောကိုးကွယ်ရာ ဘာသာသာသနာများဟူ၍အသိအမှတ်ပြုသည်။

–၇၈– (၆) နိုင်ငံတော်ကအသိအမှတ်ပြုထားသောဘာသာသာသနာများကို နိုင်ငံတော်ကတတ်နိုင်သမျှကူညီစောင့်ရှောက်မည်။

–၇၉– (၇) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင်လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ပေါ်ပေါက်လာစေရန် ရည်ရွယ်သောသို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသောအပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက်အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်ဟု အခြေခံမူများချမှတ်ပါတယ်။

**ဘာသာ၊ သာသနာရေးနှင့်စပ်လျဉ်း၍ ခရစ်ယာန်အများစုဖြစ်သော ကချင်တောင်တန်း၊ ချင်းတောင်တန်း၊ ကယားပြည်နယ်၊ ကရင်ဒေသတို့တွင် လွတ်လပ်စွာကိုးကွယ်ခွင့်ပေးရမည်။ ဗုဒ္ဓဘာသာကိုအသုံးချပြီး အခြားသောဘာသာများ အပေါ်မဖိနှိပ်ရ၊ လက်တွေ့အနေဖြင့် ခရစ်ယာန်အများစုဖြစ်သော တိုင်းရင်းသားဒေသများတွင်ဘာသာရေး နှိပ်ကွပ်မှုများကိုသင်ခန်းစာယူ၍ ကာကွယ်တားဆီးရမည်။**

## *(မ) စီးပွားရေးနှင့်စပ်လျဉ်းပြီး– –*

–၈၀– (၁) နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။

**အခြေခံမူ (၈၀)အရ ဈေးကွက်စီးပွားရေးစနစ်ဆိုရာ၌ အာမခံချက်ရှိသောဈေးကွက်စနစ်ကို ပြဋ္ဌာန်းပေးနိုင်ရမည်။ သစ်သားပြားပေါ်တွင်ဆေးသုတ်ပြီး "တပ်ပိုင်မြေ" ဟုရေးသားကာ ပြည်သူ့အိုးအိမ်၊ ခြံမြေ၊ လယ်ယာမြေများပေါ်တွင်စိုက်ထူ၍ပြန်လည်ရောင်းစားသော "ခေတ်သစ်စစ်တပ်စီးပွားရေးစနစ်" ကိုကာကွယ်ပြဋ္ဌာန်းပေးနိုင်ရမည်။**

–၈၁– (၂) နိုင်ငံတော်သည်အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့်စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။

–၈၂– (၃) နိုင်ငံတော်သည်စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှတားဆီးကာကွယ်မည်။

**အခြေခံမူ (၈၂) အရ အပြောထက်အလုပ်ကသာ ပဓာနကျပါသည်။ လက်တွေ့အားဖြင့် ဗိုလ်ချုပ်ကြီးများပိုင်ဆိုင်သော "မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်" သည် တိုင်းပြည်စီးပွားရေးအားလုံးကို လက်ဝါးကြီးအုပ်ထားသောကြောင့် အများပြည်သူတို့၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေသည့်ပြင် အာဏာပိုင်လူတချို့နှင့်ကိုယ်ကျိုးရှာစီးပွားရေးသမားများသာ ခံစားနေရသောကြောင့် သင်ခန်းစာယူ၍ ကာကွယ်တားဆီးရမည်။**

–၈၃– (၄) နိုင်ငံတော်သည်အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေ့ရှုဆောင်ရွက်မည်။

–၈၄– (၅) နိုင်ငံတော်သည်အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ရရှိစေရန်ကူညီမည်။

–၈၅– (၆) နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု။

**အခြေခံမူ (၈၅) အရ တရားမဝင်အခမ္မနည်းဖြင့် ရှာဖွေထားသောလုပ်ငန်းများကို နိုင်ငံပိုင်အဖြစ်သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းပေးရမည်။ ယခုပြဋ္ဌာန်းချက်များသည် အခမ္မနည်းလမ်းဖြင့်ရှာဖွေထားသော ဗိုလ်ချုပ်ကြီးများနှင့် ဘိန်းမှောင်ခိုသမားများ၏ စီးပွားရေးလုပ်ငန်းများကို ကာကွယ်ပေးရာရောက်သည်။**

–၈၆– (၇) နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးဖြစ် သတ်မှတ်ခြင်းမပြုဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူ (၈၆) အရ တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟုဆိုသည့်အစား အာမခံချက်ရှိအောင် ရွှေစဘော်တင်၍ ထုတ်လုပ်သောငွေကြေးသာဖြစ်ရမည်။ သို့မှသာငွေကြေးတန်ဖိုးသည်တည်ငြိမ်ပြီး ဂုဏ်သိက္ခာရှိမည်။**

## *(ယ) မြေ၊ ရေ၊ လေ သယံဇာတပစ္စည်းများနှင့်စပ်လျဉ်းပြီး– –*

–၈၇– (၁) နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

–၈၈– (၂) နိုင်ငံတော်သည် နိုင်ငံပိုင်သံယဇာပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းမည်။

–၈၉– (၃) နိုင်ငံတော်သည် နိုင်ငံသားများပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ တီထွင်ခွင့်နှင့်မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီခွင့်ပြုမည်ဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူ (၈၇– ၈၈– ၈၉) အရ သယံဇာတအားလုံး၏ပိုင်ရှင်မှာ မြေကြီးသာလျှင်ဖြစ်ပါသည်။ ပြည်ထောင်စုဆိုသည်မှာ ပြည်နယ်များကိုစုပေါင်းဖွဲ့စည်းထားသောကြောင့် ယင်းသယံဇာတပစ္စည်းများကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ စုပေါင်းပိုင်ဆိုင်ပေသည်။ ထို့ကြောင့်ထိုသယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲပါက မူလပိုင်ရှင်ဖြစ်သော ပြည်နယ်အာဏာပိုင်များကို အကျိုးခံစားခွင့်ရရှိစေရန် ဥပဒေတွင်အတည့်အလင်းပြဋ္ဌာန်းပေးထားရမည်။**

**သယံဇာတဆိုသည်မှာ မိမိမျိုးဆက်တစ်ခုတည်းအတွက်သာမဟုတ်ဘဲ နောင်သားစဉ်မျိုးဆက်များအတွက်ပါဖြစ်သောကြောင့်ထုတ်ယူသုံးစွဲရာတွင် အကန့်အသတ်ဖြင့်ထုတ်ယူသုံးစွဲရမည်။**

## *(ရ) ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်းပြီး– –*

-၉၀- (၁) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိမည်။

-၉၁- (၂) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟု အခြေခံမူများချမှတ်ပါတယ်။

## *(လ) နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းပြီး- -*

-၉၂- နိုင်ငံတော်သည် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကိုစနစ်တကျဖွဲ့စည်းနိုင်ရန်လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်ဟု အခြေခံမူချမှတ်ပါတယ်။

**အခြေခံမူ (၉၂) အရ လူတိုင်းသည် မိမိ၏အခွင့်အရေး၊ ယုံကြည်ချက်ပေါ်တွင်မူတည်၍ လွတ်လပ်စွာပါတီထူထောင်ခွင့်ရှိသည်။ အများအတွက်အကျိုးမပြုသောပါတီများသည် အစိုးရကိုယ်တိုင်မှဖျက်သိမ်းရန်မလိုဘဲ သူ့အလိုကျ ပျောက်ကွယ်သွားမည်။ ပါတီများလွန်းလျှင် အလွန်အကျွံဒီမိုကရေစီဖြစ်ခြင်းနှင့် ပါတီနည်းလွန်းလျှင်အာဏာရှင်ဖြစ်သွားနိုင်ခြင်းကို နိုင်ငံတော်မှထိန်းညှိပေးရမည်။**

## *(ဝ) အရေးပေါ်ကာလနှင့်စပ်လျဉ်းပြီး- -*

-၉၃- (၁) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမတသည် ထိုတိုင်းဒေသကြီး၊ ပြည်နယ်သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၌ အုပ်ချုပ်ရေးဆိုင်ရာအခွင့်အာဏာကိုသုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ လိုအပ်လျှင်ထိုတိုင်းဒေသကြီး၊ ပြည်နယ်သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် သက်ဆိုင်သည့်ဥပဒေပြုအခွင့်အာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမတက သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

-၉၄- (၂) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင်ဖြစ်စေ ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန်လုံလောက်သောအကြောင်းရှိလျှင် ထိုအန္တရာယ်ကိုတပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားချက်များနှင့်အညီ တားဆီးကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။

-၉၅- (၃) နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစသော အဓမ္မနည်းဖြင့်ရယူရန်ဆောင်ရွက်ခြင်းသို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ်အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်ဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူ (၉၃)(၉၄)(၉၅) အရ နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံ့အာဏာကို ရယူသုံးစွဲခွင့်ရှိသည်ဟုဖော်ပြထားသည်။ စစ်အာဏာသိမ်းခြင်းကိုလည်း တရားဝင်ပြဋ္ဌာန်းပေးထားခြင်းကြောင့် ဒီမိုကရေစီနှင့်ဆန့်ကျင်နေပါသည်။ တကယ်တမ်းအရေးအပေါ်အခြေအနေပေါ်ပေါက်ခဲ့သော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြည်ထောင်စုလွှတ်တော်နှင့်ညှိနှိုင်းရမည့်အပြင် ပြည်ထောင်စုလွှတ်တော်အပေါ်တွင်သစ္စာစောင့်သိရပေမည်၊ ဗဟိုအစိုးရအနေဖြင့် ပြည်နယ်များ၏ကိစ္စရပ်များအပေါ် မလိုအပ်ဘဲဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရန် ပြဋ္ဌာန်းပေးရမည်။**

## *(သ) နိုင်ငံခြားရေးနှင့်စပ်လျဉ်းပြီး- -*

-၉၆- (၁) နိုင်ငံတော်သည်လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်နိုင်ငံအချင်းချင်း မိတ်ဖက်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကိုစောင့်ထိန်းသည်။

-၉၇- (၂) နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု။

-၉၈- (၃) နိုင်ငံတော်အတွင်းမည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟု အခြေခံမူများချမှတ်ပါတယ်။

**အခြေခံမူ (၉၈) အရ မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟုဆိုရာ၌ လက်ရှိမြန်မာ့ပင်လယ်ထွက်ပေါက်နှင့် ကိုကိုးကျွန်းများပေါ်ရှိ တရုတ်စစ်ဘက်ဆိုင်ရာတပ်စခန်းများကို ဖျက်သိမ်းရမည်။ တရုတ်အားကိုးမှုကင်းရှင်းစေရမည်။**

## *(ဟ) ပြစ်မှုပြစ်ဒဏ်နှင့်စပ်လျဉ်းပြီး– –*

–၉၉– (၁) မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိ။

–၁၀၀– (၂) လူ့သိက္ခာညိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိဟု အခြေခံမူများချမှတ်ပါတယ်။

## *(ဠ) သဘာဝပတ်ဝန်းကျင်နှင့်စပ်လျဉ်းပြီး– –*

–၁၀၁– နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မည်ဟု အခြေခံမူချမှတ်ပါတယ်။

**အခြေခံမူ (၁၀၁) အရ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့်အပြင် သစ်တောသယံဇာတများကိုထုတ်ယူရာတွင် အကန့်အသတ်ဖြင့်ထုတ်ယူရမည်။ လက်တွေ့အားဖြင့် သက်ဆိုင်ရာစစ်တိုင်းမှူးများနှင့်အပေါင်းပါ စီးပွားရေးသမားများစည်းကမ်းမဲ့ထုတ်လုပ်နေသောကြောင့် ပြုန်းတီးနေပြီဖြစ်သော မြန်မာ့သစ်တောများကို တတ်ကျွမ်းသောပညာရှင်များအား အချိန်မီခေါ်ယူထိန်းသိမ်းစောင့်ရှောက်ရမည်။**

## *(အ) အထွေထွေပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းပြီး– –*

–၁၀၂– (၁) မြန်မာစာသည်ရုံးသုံးစာဖြစ်သည်။

**ဗမာစာသည်နိုင်ငံတော်၏ ရုံးသုံးစာဖြစ်သော်လည်း သက်ဆိုင်ရာလူမျိုးစုများ၏စာကိုလည်း သက်ဆိုင်ရာလူမျိုးစုများသင်ကြားခွင့်ရှိအောင် ပြဋ္ဌာန်းပေးရမည်။**

–၁၀၃– (၂) နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်များဖြစ်သည်။

–၁၀၄– နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုအနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များကပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စုတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိစီစစ်ခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့်ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်းဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကအပ်နှင်းသည့် အခြားတာဝန်များဆောင်ရွက်ခြင်းတို့ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကိုဖွဲ့စည်းမည်ဟု အခြေခံမူများချမှတ်ပါတယ်။

# <u>အားလုံးအပေါ်ခြုံငုံသုံးသပ်ချက်</u>

(က) သမိုင်းဝင်ပင်လုံစာချုပ်ကြီးပေါ်ပေါက်ခဲ့သောကြောင့်သာ ပြည်ထောင်စုကြီးဖြစ်လာခြင်းဖြစ်သည်။ ထိုပင်လုံစာချုပ်၏အနှစ်သာရမှာ **(၁) တန်းတူ၊ (၂) ပြဋ္ဌာန်း၊ (၃) ခွဲထွက်** ဟူ၍ဖြစ်သည်။

(၁) တန်းတူ၊ ၊ အမျိုးသားနိုင်ငံရေးတန်းတူညီမျှမှုရှိရေး၊ (ဗမာတစ်ကျပ်–ရှမ်းတစ်ကျပ်)
(၂) ပြဋ္ဌာန်း၊ ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊
(၃) ခွဲထွက်၊ ၊ ခွဲထွက်လိုက ခွဲထွက်ခွင့်ပြုရန် – – – ဖြစ်သည်။

(ခ) ညောင်နှစ်ပင်အမျိုးသားညီလာခံတွင် အခြေခံဥပဒေရေးဆွဲရေးအတွက်ချမှတ်ထားသော ဦးတည်ချက် (၆) ရပ်သည် လမ်းလွဲသို့ဦးတည်နေပါသည်။ တိုင်းပြည်လူထုသည် သမိုင်းတောင်းဆိုချက်အရအလိုရှိနေသည်မှာ (၁) ပါတီစုံဒီမိုကရေစီနှင့် (၂) စစ်မှန်သောပြည်ထောင်စုစနစ်ဖြစ်သည်။ ချမှတ်ထားသောဦးတည်ချက်နှင့် အခြေခံမူ (၁၀၄) ချက်တို့သည်– –

(၁) တပ်မတော်က အာဏာကိုချုပ်ကိုင်ထားမည့် အချုပ်အချယ်ခံဒီမိုကရေစီဖြစ်သည်။
(၂) ပြည်ထောင်စုမဟုတ်ဘဲ တစ်ပြည်ထောင်စနစ် (သို့) တိုင်းနှင့်ပြည်နယ်သာဖြစ်သည်။

ဤသည်ကားစစ်အာဏာရှင်မဟာဗမာနိုင်ငံတော်တည်ထောင်ခြင်းဖြစ်၍ ပြည်သူအားလုံးတပြေးညီနစ်နာမည်။ တိုင်းရင်းသားလူမျိုးများအဖို့ ခေါင်းမဖော်နိုင်သည့်ဘဝမျိုးကျဆင်းသွားလိမ့်မည်။

(ဂ) ညီလာခံဖွဲ့စည်းထားပုံသည် ဒီမိုကရေစီနှင့်ဆန့်ကျင်သည်။ တကယ်ဖြစ်သင့်သည်မှာ ပြည်သူလူထုကရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များကိုအမာခံထားပြီး အခြားကိုယ်စားလှယ်များကို အရံထား၍ဖွဲ့စည်းရမည်။ ယခုဖွဲ့စည်းထားသည်မှာ ဖြစ်သင့်သည်နှင့်ပြောင်းပြန်ဖြစ်နေပါသည်။ ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံမျိုးတွင်မှ မရှိသောဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်သည်။

(ဃ) ၁၉၆၂– ခုနှစ်မှစ၍ယနေ့ချိန်ထိနှစ်ပေါင်း (၄၀) ကျော်ကြာ အာဏာရှင်စစ်အစိုးရသည် လက်တွေ့အားဖြင့် အာဏာယူထားသောအစိုးရ (De Facto Government) အဆင့်သာရှိရာ လက်ရှိတစ်ဖက်စောင်းနင်းရေးဆွဲနေသော အခြေခံမူအတည်ဖြစ်သွားပါက နောက်နှစ်ပေါင်း (၄၀၀) အထိ တရားဝင်အစိုးရ (De jure Government) အဖြစ်ဆက်လက်အာဏာတည်မြဲသွားမည်ကို တိုင်းရင်းသားပြည်သူလူထုကြီး ရှင်းလင်းစွာသိမြင်ဖို့အရေးကြီးပါသည်။ ယခုအချိန်အခါသည်တိုင်းပြည်ချောက်ထဲသို့ကျရန်လက်နှစ်လုံးသာလိုပါတော့သည်။ ထို့ကြောင့်ချောက်ထဲသို့မကျအောင်အချိန်မီ ကာကွယ်ရပေမည်။ချောက်ထဲကျသွားပြီးလျှင် ပြန်တက်ဖို့ရန်မလွယ်ကူကြောင်း နိုင်ငံရေးသတိရှိဖို့လိုမည်။

(င) ပြည်သူလူထုအနေဖြင့် အမျိုးသားညီလာခံတွင် ချည်ပြီးတုတ်ပြီးဖြစ်နေသည့်တိုင်အောင် နောက်ဆုံးရုန်းကန်ထွက်နိုင်သည့်အခွင့်အရေးရှိပါသေးသည်။ ဤသည်မှာ **"လူထုဆန္ဒခံယူပွဲ"** ဖြစ်ပါသည်။ အခြေခံဥပဒေကို အာဏာပိုင်များအပိုင်စီးထားရေးအတွက် ကြံ့ဖွံ့လူတစ်စုကိုအသုံးပြု၍ ဘောလုံးကွင်းဒီမိုကရေစီနည်းဖြင့် အတည်ပြုရန်ကြိုးပမ်းကြပေလိမ့်ဦးမည်။ ထိုအစည်းအဝေးပွဲများကိုတက်ရောက်ခြင်းမပြုမိအောင် ရှောင်ကြဉ်ခြင်းဖြင့်ရန်သူအားပေးမလုပ်မိကြစေရန် အရေးကြီးပါသည်။ ထိုသို့သောဘောလုံးပွဲဒီမိုကရေစီမျိုးကိုလည်းကမ္ဘာကလက်ခံမည်မဟုတ်ပေ။ သို့ဖြစ်ရာလူထုဆန္ဒခံယူပွဲကိုမလွှဲမသွေလုပ်ရပေမည်။ ပြည်သူလူထုကထိုအခွင့်အရေးကို လက်မလွှတ်တမ်းအသုံးချနိုင်ရန်လိုအပ်ကြောင်း ယခုကပင်ကြိုတင်၍ အသင့်ပြင်ထားကြရလိမ့်မည်။

(စ) လွတ်လပ်ရေးသက်တမ်း နှစ် (၆၀) တိုင်ရှိခဲ့ပြီဖြစ်သော်လည်း ဗမာအပါအဝင်တိုင်းရင်းသားအပေါင်းတို့သည် နယ်ချဲ့အင်္ဂလိပ်ကျွန်ဘဝမှပခုံးပြောင်းကာ စစ်တပ်၏ကျွန်ဘဝအောက်ရောက်ခဲ့ရပါသည်။ အဖိနှိပ်ခံပြည်သူများအနေဖြင့် မိမိတို့ကံကြမ္မာကိုမိမိသာလျှင်ဖန်တီးနိုင်ရေးအတွက် တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း၊ လူမျိုးအသီးသီးအလိုက်သော်လည်းကောင်း၊ တောင်တန်းမြေပြန့်မခွဲခြားဘဲ စုပေါင်းလက်တွဲခြင်းဖြင့် လာမည့်လူထုဆန္ဒခံယူပွဲတွင် ဆန့်ကျင်ကန့်ကွက်မဲပေးနိုင်ခြင်းသည် မိမိအခွင့်အရေးအတွက်သာကမ နောင်မျိုးဆက်အတွက်ပါကာကွယ်သမှုပြုရာရောက်သည်။

(ဆ) ညောင်နှစ်ပင်ညီလာခံသည် ဗမာအပါအဝင်တိုင်းရင်းသားအားလုံး၏ ကံကြမ္မာကိုဖန်တီး၍ ချောက်ထဲသို့တွန်းချနေခြင်းကိုကာကွယ်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ မကြာမီကျင်းပတော့မည့် လူထုဆန္ဒခံယူပွဲတွင် တခဲနက်ကန့်ကွက်မဲများထည့်ပေးရန်သာဖြစ်ပါကြောင်း တပ်လှန့်နိုးဆော်လိုက်ရပါသည်။

(မြန်မာနိုင်ငံသူနိုင်ငံသားများ မိမိကံကြမ္မာမိမိဖန်တီးနိုင်ကြပါစေ)<br>
စစ်မှန်သောနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ကျွန်ုပ်တို့နိုင်ငံသားများအားလုံး၏ အဓိကတာဝန်ဖြစ်သည်။

စဝ်ပြည်ငြိမ်း (မောသျှမ်းပြည်)

## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက်အဘက်ဘက်မှ ကူညီအားပေးကြသောပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစီစစ်ရေးအဖွဲ့အားလည်းကောင်း၊ အမျိုးသားညီလာခံမှတ်တမ်းဌာနအားလည်းကောင်း၊ မှတ်တမ်းများအားစုဆောင်းပေးသောတက္ကသိုလ်ကိုမြတ်သူနှင့်တပ်မတော်မော်ကွန်းမှတ်တမ်းရုံးအုပ်အားလည်းကောင်း၊စာသားများအားအခမဲ့တည်းဖြတ်ပေးသောကိုမြတ်ခိုင်(ကြီးပွားရေး) နှင့် ဆရာကြီးရဲဘော်တင်ရွှေ၊ ပုံနှိပ်ရေးတွင်ကူညီပေးသောဒေါက်တာတင်ထွန်းဦးနှင့် ငွေကြေးအားဖြင့်ကူညီပေးသော ကိုမင်းဆွေ(ငါး) တို့ကိုကျေးဇူးတင်ရှိပါသည်။ မမေ့မလျော့အထူးကျေးဇူးတင်ထိုက်သော ပြန်ကြားရေးဝန်ကြီး၊ ဗိုလ်မှူးချုပ်–ကျော်ဆန်းအားကျေးဇူးမမေ့ဂါရဝပြုပါကြောင်း။

(စဝ်ပြည်ငြိမ်း)<br>
attack2007@gmail.com